ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

စာအမှတ်၊ ၁၅၈ ( ၁ ) / ၈ / သမ္မတရုံး

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်

သို့

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအားလုံး

AAA

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့အားလုံး

အကြောင်းအရာ။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID – 19) ကြိုတင်ကာကွယ် တားဆီးရေးအတွက် လိုက်နာဆောင်ရွက်ရန်ကိစ္စ

ရည် ညွှန်း ချက် ။ ဤရုံး၏ ၁၃ - ၃ - ၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၇၀ ( ၂၃ ) / ၁ / သမ္မတရုံး

၁။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID – 19) သည် ကမ္ဘာအနှံ့ကူးစက်ပြန့်ပွားနိုင်သည့် ကမ္ဘာ့ကပ်ရောဂါဖြစ်ကြောင်း ၁၁- ၃ -၂၀၂၀ ရက်တွင် WHO က သတ်မှတ်ကြေညာခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID – 19) ကူးစက်ပြန့်ပွားမှုသည် လူစုလူဝေးမှတစ်ဆင့် လျင်မြန်စွာ ကူးစက်နိုင်ပါသဖြင့် လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဤရုံးက ရည်ညွှန်းစာဖြင့် ညွှန်ကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၏ ဓာတ်ခွဲအဖြေအရ ၂၃-၃-၂၀၂၀ ရက်တွင် အမျိုးသားနှစ်ဦးနှင့် ၂၅-၃-၂၀၂၀ ရက်တွင် အမျိုးသားတစ်ဦးတို့၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID – 19) တွေ့ရှိရသဖြင့် ရောဂါကြိုတင်ကာကွယ်တားဆီးရေးနှင့် ရုံးလုပ်ငန်းတာဝန်များ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်စေရေးတို့အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားရန် ဖြစ်ပါသည်-

(က) ရုံး / ဌာနများ အနေဖြင့် ရုံးချိန်အတွင်း လက်ရှိဝန်ထမ်းအင်အား၏ (၅၀) ရာခိုင်နှုန်းကိုသာ တာဝန်ထမ်းဆောင်စေရန်၊

(ခ) နားရက်ရသည့် ကျန်ဝန်ထမ်း (၅၀) ရာခိုင်နှုန်းအား မိမိတို့ဝန်ထမ်းအိမ်ရာ၊ အဆောင်နှင့် နေအိမ် စသည့်နေရာများတွင် တာဝန်ချိန်အဖြစ် သတ်မှတ်၍ မပျက်မကွက် နေထိုင်သွားရန်နှင့် လိုအပ်၍ ခေါ်ယူပါက အချိန်နှင့်တစ်ပြေးညီ ရုံးသို့ လာရောက်တာဝန် ထမ်းဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊

(ဂ) ရုံး / ဌာန၊ ဝန်ထမ်းအိမ်ရာ၊ အဆောင်နှင့် မိမိတို့နေအိမ်နှင့် အနီးပတ်ဝန်းကျင်များတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID - 19) သံသယရှိသူကို တွေ့ရှိလျှင်သော် လည်းကောင်း၊ မိမိကိုယ်တိုင် သံသယရှိလျှင်သော်လည်းကောင်း သက်ဆိုင်ရာဌာန တာဝန်ရှိသူများမှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အချိန်နှင့် တစ်ပြေးညီ အသိပေးအကြောင်းကြားပြီး ကြည်ဖြူလိုလားစွာဖြင့် ကျန်းမာရေး စစ်ဆေးမှုကို ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက နေ့စဉ် ထုတ်ပြန်လျက်ရှိသော ကိုရိုနာ ဗိုင်းရပ်စ်ရောဂါ (COVID – 19) နှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ သတိပေးချက် များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်၊

(င) ဝန်ထမ်းများ၏နေအိမ်များသို့ ရပ်နီးရပ်ဝေး ပြင်ပဧည့်သည်များ လာရောက်လည်ပတ်မှု ကို တတ်နိုင်သမျှ လျှော့ချသွားရန်၊

(စ) ယခုကာလအတွင်း ဝန်ထမ်းများအနေဖြင့် တာဝန်မှအပ သက်ဆိုင်ရာ ရုံး/ ဌာန တို့၏ ခွင့်ပြုချက်မရှိဘဲ တာဝန်ကျရာဒေသမှ ထွက်ခွာခြင်းမပြုကြရန်။

၃။ အထက်ပါ ညွှန်ကြားချက်များကို ၂၆ – ၃ – ၂၀၂၀ ရက်တွင် စတင်ဆောင်ရွက်ပြီး ပုံမှန် ဆောင်ရွက်ရမည့် နေ့ရက်ကို ထပ်မံအကြောင်းကြားသွားမည်ဖြစ်ကြောင်းနှင့် လိပ်မူပါဌာနများ အနေဖြင့် မိမိလက်အောက်ဌာနအဆင့်ဆင့်ရှိ ဝန်ထမ်းများသို့ တိကျစွာ လိုက်နာဆောင်ရွက်သွားရေး ထပ်ဆင့်ညွှန်ကြားပြီး တာဝန်ရှိသူအဆင့်ဆင့်ကလည်း ကြပ်မတ်ဆောင်ရွက်သွားရန် လမ်းညွှန်မှုအရ အကြောင်းကြားအပ်ပါသည်။

ခင်လတ်

အမြဲတမ်းအတွင်းဝန်

မိတ္တူကို

နိုင်ငံတော်သမ္မတရုံး ( ရုံး / ဌာနကြီးများအားလုံး )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး